# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်

## ကျိုက်ဒုံမြို့နယ်ခွဲ အစီရင်ခံစာ





ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၁၇ ခုနှစ်၊ မတ်လ

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်

# ကျိုက်ဒုံမြို့နယ်ခွဲ အစီရင်ခံစာ

ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)

နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၃၁၀၆၂

www.dop.gov.mm

၂၀၁၇ ခုနှစ်၊ မေလ

## ပုံ (၁) - ကရင်ပြည်နယ်၏ မြို့နယ်များပြ မြေပုံ



## ကျိုက်ဒိုးမြို့နယ်ခွဲ၏ လူဦးရေကိန်းဂဏန်းအချက်အလက်များ [၁]

| | | |
|---|---|---|
| လူဦးရေစုစုပေါင်း | ၅၇,၉၃၈ [၂] | |
| ကျား ဦးရေ | ၂၉,၂၈၀ (၅၀.၅%) | |
| မ ဦးရေ | ၂၈,၆၅၈ (၄၉.၅%) | |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၆.၁% | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၃,၀၇၂.၃ [၃] | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၁၈.၉ ဦး | |
| အသက်အလယ်ကိန်း | ၂၀.၂ နှစ် | |
| | | |
| ရပ်ကွက် စုစုပေါင်း | ၆ | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၂၁ | |
| အိမ်ထောင်စုအရေအတွက် | ၁၀,၇၃၃ | |
| အမျိုးသမီး အိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၁၄.၉% | |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၅.၃ ဦး [၄] | |
| | | |
| အသက်အပိုင်းအခြားအလိုက်လူဦးရေရာခိုင်နှုန်း | | |
| ကလေးဦးရေ (အသက် ၀ - ၁၄ နှစ်) | ၄၀.၀% | |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ - ၆၄ နှစ်) | ၅၆.၅% | |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၃.၅% | |
| | | |
| မှီခိုသူအချိုး | | |
| စုစုပေါင်းမှီခိုသူအချိုး | ၇၇.၀ | |
| ကလေးမှီခိုသူအချိုး | ၇၀.၉ | |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၆.၁ | |
| | | |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၈.၇ | |
| | | |
| ကျား/မ အချိုး | ၁၀၂ (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) | |
| | | |
| အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်း | ၄၉.၀% | |
| ကျား စာတတ်မြောက်မှုရာခိုင်နှုန်း | ၅၅.၆% | |
| မ စာတတ်မြောက်မှုရာခိုင်နှုန်း | ၄၂.၄% | |
| | | |
| မသန်စွမ်းသူဦးရေ | အရေအတွက် | ရာခိုင်နှုန်း |
| မသန်စွမ်းသူ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | ၃,၇၀၇ | ၆.၄ |
| လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | ၁,၆၅၀ | ၂.၈ |
| အမြင် | ၂,၂၁၃ | ၃.၈ |
| အကြား | ၁,၂၆၃ | ၂.၂ |
| သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း | ၁,၅၁၀ | ၂.၆ |
| | | |

| ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား (အသက် ၁၀ နှစ်နှင့်အထက်) | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံသားစိစစ်ရေးကတ် | ၁၄,၃၁၄ | ၃၄.၀ |
| ဧည့်နိုင်ငံသားကတ် | * | <၀.၁ |
| နိုင်ငံသားပြုခွင့်ရသူကတ် | ၃၁ | ၀.၁ |
| အမျိုးသားမှတ်ပုံတင်ကတ် | ၃၁၃ | ၀.၇ |
| သာသနာဝင်ကတ် | ၇၈ | ၀.၂ |
| ယာယီသက်သေခံကတ် | ၂၀၆ | ၀.၅ |
| နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် | * | <၀.၁ |
| နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် | * | <၀.၁ |
| မည်သည့်ကတ်မှမကိုင်ဆောင်သူ | ၂၇,၀၆၅ | ၆၄.၄ |

| လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၅ - ၆၄ နှစ်) | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| လုပ်သားအင်အားပါဝင်နှုန်း | ၇၂.၇% | ၈၉.၄% | ၅၅.၈% |
| အလုပ်လက်မဲ့ရာခိုင်နှုန်း | ၁.၆% | ၁.၇% | ၁.၃% |
| အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုး | ၇၁.၆% | ၈၇.၈% | ၅၅.၁% |

| အိမ်ပိုင်ဆိုင်မှု | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ပိုင်ရှင် | ၁၀,၄၆၁ | ၉၇.၅ |
| အိမ်ငှား | ၁၀၈ | ၁.၀ |
| အခမဲ့ (မိဘ/ဆွေမျိုး/မိတ်ဆွေ) | ၇၂ | ၀.၇ |
| အစိုးရဝန်ထမ်းအိမ်ရာ | ၃၂ | ၀.၃ |
| ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ | * | <၀.၁ |
| အခြား | ၅၇ | ၀.၅ |

| နေအိမ်အဆောက်အအုံအတွက်အဓိကအသုံးပြုသည့်ပစ္စည်းများ | အကာ | အခင်း | အမိုး |
|---|---|---|---|
| ဓနိ/သက်ကယ်/အင်ဖက် | ၁.၇% | | ၅၆.၃ |
| ဝါး | ၅၄.၅% | ၄၂.၃% | ၀.၃ |
| မြေကြီး | ၀.၁% | ၀.၂% | |
| သစ်သား | ၄၀.၄% | ၅၅.၂% | <၀.၁ |
| သွပ် | ၀.၁% | | ၃၇.၇ |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၁.၆% | ၁.၃% | ၁.၆ |
| အခြား | ၁.၆% | ၁.၀% | ၄.၁ |

| အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | * | ၀.၁ |
| ဓာတ်ငွေ့ | * | <၀.၁ |
| ရေနံဆီမီး | ၁၄၁ | ၁.၃ |
| ဘိုင်အိုဂက်စ် | * | ၀.၁ |
| သစ်သား/ထင်း | ၆,၇၄၅ | ၆၂.၈ |
| မီးသွေး/လောင်စာတောင့် | ၃,၇၄၆ | ၃၄.၉ |

| | | |
|---|---|---|
| ကျောက်မီးသွေး | ၆၈ | ၀.၆ |
| အခြား | * | ၀.၁ |
| | | |
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့် မီးအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| လျှပ်စစ်မီး | ၄၈၇ | ၄.၅ |
| ရေနံဆီမီး | ၄,၃၆၈ | ၄၀.၇ |
| ဖယောင်းတိုင်မီး | ၄,၆၃၀ | ၄၃.၁ |
| ဘက်ထရီမီး | ၁၇၉ | ၁.၇ |
| မီးစက်( ပုဂ္ဂလိက) | ၁၆၁ | ၁.၅ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | * | ၀.၂ |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၆၇၆ | ၆.၃ |
| အခြား | ၂၁၄ | ၂.၀ |
| | | |
| သောက်ရေအတွက်အဓိကအသုံးပြုသည့် ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၇၈၆ | ၇.၄ |
| အဝီစိတွင်း | ၈၇၃ | ၈.၁ |
| ရေတွင်း (အုတ်စီ) | ၁,၁၂၀ | ၁၀.၄ |
| ရေသန့်စက်/ရေသန့်ဘူး | * | <၀.၁ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှု* | *၂,၇၈၃* | *၂၅.၉* |
| ရေတွင်း (အကာရံမဲ့) | ၂,၉၀၇ | ၂၇.၁ |
| ရေကန် | * | ၀.၁ |
| မြစ်/ချောင်း/တူးမြောင်း | ၄,၄၀၁ | ၄၁.၀ |
| တောင်ကျရေ/မိုးရေ | ၄၇၀ | ၄.၄ |
| အခြား | ၁၅၇ | ၁.၅ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှု* | *၇,၉၅၀* | *၇၄.၁* |
| | | |
| သုံးရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၈၀၀ | ၇.၅ |
| အဝီစိတွင်း | ၈၇၀ | ၈.၁ |
| ရေတွင်း (အုတ်စီ) | ၁,၀၆၁ | ၉.၉ |
| ရေတွင်း (အကာရံမဲ့) | ၂,၈၃၇ | ၂၆.၄ |
| ရေကန် | * | ၀.၁ |
| မြစ်/ချောင်း/တူးမြောင်း | ၄,၅၆၇ | ၄၂.၆ |
| တောင်ကျရေ/မိုးရေ | ၄၂၄ | ၄.၀ |
| ရေသန့်စက်/ရေသန့်ဘူး | * | <၀.၁ |
| အခြား | ၁၅၇ | ၁.၅ |
| | | |

| အိမ်သာ အမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ရေဆွဲအိမ်သာ | ၃၂ | ၀.၃ |
| ရေလောင်း/ယင်လုံအိမ်သာ | ၃,၄၀၁ | ၃၁.၇ |
| *စုစုပေါင်းသန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၃,၄၃၃* | *၃၂.၀* |
| တွင်း/ဇလားအိမ်သာ | ၈၂၃ | ၇.၇ |
| တွင်းမရှိအိမ်သာ | ၂၀၄ | ၁.၉ |
| အခြား | ၁၁၂ | ၁.၀ |
| အိမ်သာမရှိ | ၆,၁၆၀ | ၅၇.၄ |
| | | |
| ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ | အရေအတွက် | ရာခိုင်နှုန်း |
| ရေဒီယို | ၁,၂၂၃ | ၁၁.၄ |
| ရုပ်မြင်သံကြား | ၂,၃၅၇ | ၂၂.၀ |
| ကြိုးဖုန်း | ၉၆ | ၀.၉ |
| လက်ကိုင်ဖုန်း | ၁၄၂ | ၁.၃ |
| ကွန်ပျူတာ | ၄၁ | ၀.၄ |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း | * | ၀.၁ |
| မည်သည့်ပစ္စည်းမျှ မရှိသည့်အိမ်ထောင်စု | ၇,၇၈၄ | ၇၂.၅ |
| ပစ္စည်းအားလုံးရှိသည့်အိမ်ထောင်စု | * | <၀.၁ |
| | | |
| သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှုအခြေအနေ | အရေအတွက် | ရာခိုင်နှုန်း |
| ကား/ထရပ်ကား/ဗင်န် | ၁၃၆ | ၁.၃ |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၂,၆၀၃ | ၂၄.၃ |
| စက်ဘီး | ၂,၆၈၈ | ၂၅.၀ |
| (၄) ဘီးပါ ထော်လာဂျီ | ၁,၈၂၇ | ၁၇.၀ |
| ကနူးလှေ၊ သမ္ဗာန် | ၁၁၉ | ၁.၁ |
| စက်လှေ၊ မော်တော်ဘုတ် | ၁၁၃ | ၁.၁ |
| လှည်း (ကျွဲ၊ နွား၊ မြင်း......စသဖြင့်) | ၁,၉၃၆ | ၁၈.၀ |

မှတ်ချက်။ [၁] ကျိုက်ဒုံမြို့နယ်ခွဲ၏ လူဦးရေကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။

[၂] အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

[၃] ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

[၄] အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

* အရေအတွက် (၂၀) ထက်နည်းပါသည်။

# မာတိကာ


နိဒါန်း ........................................................................................................................ ၂

ကျိုက်ဒိုမြို့နယ်ခွဲ၏ သန်းခေါင်စာရင်းအချက်အလက်များ ................................................................ ၄

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ........................................................................................ ၅

(ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ ........................................................................ ၉

(ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ .......................................................................................၁၀

(ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ.......................................................................................၁၄

(င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ ................................................................................၂၀

(စ) မသန်စွမ်းမှုအကြောင်းအရာ....................................................................................................၂၁

(ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ..............................................................၂၄

နေအိမ်အမျိုးအစားများ ...........................................................................................................၂၄

အိမ်သာအမျိုးအစားများ...........................................................................................................၂၅

သောက်ရေအမျိုးအစားများ .......................................................................................................၂၇

အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု.....................................................................................၂၉

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု .....................................................၃၁

ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု.............................................................၃၃

ပို့ဆောင်ရေးယာဉ် အမျိုးအစားများ .............................................................................................၃၅

(ဇ) မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ ............................................................................၃၆

မွေးဖွားခြင်းအကြောင်းအရာ .....................................................................................................၃၆

ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ ..................................၃၈

သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ ...........................................................၄၀

ကျိုက်ဒိုမြို့နယ်ခွဲ ပြုစုသူများစာရင်း ...............................................................................................၄၆

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ်ပေါင်း (၃၀) ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်ကောက်ယူခဲ့ပါသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသော ရင်းမြစ်တစ်ခုဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသော အရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ကောက်ယူရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားပေါ် အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ စသည်တို့အတွက် အသုံးဝင်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများကို ၂၀၁၅ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပင်မအစီရင်ခံစာများတွင် ပြည်ထောင်စုအဆင့် အစီရင်ခံစာ၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၏ သန်းခေါင်စာရင်း အစီရင်ခံစာများ ပါဝင်ပါသည်။ အလုပ်အကိုင်နှင့်လုပ်ငန်း အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အစီရင်ခံစာများကို http://www.dop.gov.mm/ နှင့် http://myanmar.unfpa.org/node/15104 တို့တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာများသည် မြို့နယ်/မြို့နယ်ခွဲများ၏ သန်းခေါင်စာရင်း အစီရင်ခံစာ များဖြစ်ပါသည်။ အစီရင်ခံစာများကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ကရင်ပြည်နယ်၊ ကျိုက်ဒုံမြို့နယ်ခွဲ၏လူဦးရေဆိုင်ရာ အချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

အစီရင်ခံစာပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ည သန်းခေါင်ယံအချိန် (သန်းခေါင်စာရင်းည) တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။ မြို့နယ်အဆင့် အချက်အလက် များသည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် မြို့နယ်အဆင့် ခန့်မှန်းတွက်ချက်မှုများ၏ တိကျမှန်ကန်မှု သည် ပြည်ထောင်စုအဆင့်နှင့် တူညီနိုင်မည်မဟုတ်ပေ။ လူဦးရေနည်းပါးသည့် မြို့နယ်များ၏ အချက် အလက်များကို လေ့လာဆန်းစစ်ရာတွင် သတိပြု၍လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။ တစ်နှစ်အောက် ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းကဲ့သို့သော ညွှန်ကိန်းများကို အခြားသောဆက်နွှယ်မှု ရှိသည့် အကြောင်းအရာ အချက်အလက်များ ထည့်သွင်းစဉ်းစား၍ လေ့လာဆန်းစစ်သုံးသပ်ရပါမည်။ သို့ဖြစ်၍ လူဦးရေနည်းပါးသည့် မြို့နယ်များအတွက် သေဆုံးခြင်းဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများကို အတိအကျ မယူဆသင့်ဘဲ ထိုမြို့နယ်များ၏ သေဆုံးခြင်းဆိုင်ရာအခြေအနေများအတွက် အထိုက် အလျောက်ပြဆိုသော ညွှန်ကိန်းများအဖြစ်ယူဆရပါမည်။ ထို့ပြင် မြို့နယ်အချင်းချင်းနှိုင်းယှဉ်ရာတွင်လည်း မည်သည့်မြို့နယ်သည် အခြေအနေပိုမိုကောင်းမွန်သည်၊ မည်သည့်မြို့နယ်သည် အားနည်းသည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

# ကျိုက်ဒုံမြို့နယ်ခွဲ၏ သန်းခေါင်စာရင်းအချက်အလက်များ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၅၇,၉၃၈ * | | |
| ကျား ဦးရေ | ၂၉,၂၈၀ | | |
| မ ဦးရေ | ၂၈,၆၅၈ | | |
| ကျား/မ အချိုး | ၁၀၂ (မ ၁၀၀ ရှိ ကျား ဦးရေ) | | |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၆.၁% | | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၃,၀၇၂.၃ ** | | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၁၈.၉ ဦး | | |
| ရပ်ကွက် စုစုပေါင်း | ၆ | | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၂၁ | | |
| | စုစုပေါင်း | မြို့ပြ | ကျေးလက် |
| အိမ်ထောင်စုလူဦးရေ | ၅၆,၅၆၈ | ၃,၂၅၁ | ၅၃,၃၁၇ |
| အိမ်ထောင်စုအရေအတွက် | ၁၀,၇၃၃ | ၆၈၀ | ၁၀,၀၅၃ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၅.၃ ဦး *** | | |

- ကျိုက်ဒုံမြို့နယ်ခွဲတွင် မ ဦးရေသည် ကျား ဦးရေထက် အနည်းငယ်လျော့နည်းပြီး မ (၁၀၀) ဦးတွင် ကျား (၁၀၂) ဦးရှိပါသည်။
- ကျိုက်ဒုံမြို့နယ်ခွဲတွင် လူအများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး (၆.၁) ရာခိုင်နှုန်းသာလျှင် မြို့ပြဒေသတွင် နေထိုင်ကြပါသည်။
- ကျိုက်ဒုံမြို့နယ်ခွဲ၌ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၁၉) ဦးနေထိုင်ပါသည်။
- ကျိုက်ဒုံမြို့နယ်ခွဲတွင် အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလူဦးရေ (၅.၃) ဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေထက် ပိုများပါသည်။

မှတ်ချက်။ * အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

** ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

*** အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

**ဇယား (၁) -	ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကျိုက်ဒုံမြို့နယ်ခွဲ၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စု အရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း**

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| | **စုစုပေါင်း** | **၁၀,၇၃၃** | **၅၇,၉၃၈** | **၂၉,၂၈၀** | **၂၈,၆၅၈** |
| | **မြို့ရပ်ကွက်များ** | **၆၈၀** | **၃,၅၁၅** | **၁,၈၁၆** | **၁,၆၉၉** |
| ၁ | အမှတ် (၁)ရပ်ကွက် | ၁၃၀ | ၆၀၇ | ၃၁၃ | ၂၉၄ |
| ၂ | အမှတ် (၂)ရပ်ကွက် | ၅၉ | ၂၉၂ | ၁၄၀ | ၁၅၂ |
| ၃ | အမှတ် (၃)ရပ်ကွက် | ၂၀၃ | ၉၈၂ | ၅၀၉ | ၄၇၃ |
| ၄ | အမှတ် (၄)ရပ်ကွက် | ၁၃၆ | ၇၆၄ | ၃၈၈ | ၃၇၆ |
| ၅ | အမှတ် (၅)ရပ်ကွက် | ၈၄ | ၅၅၃ | ၂၉၇ | ၂၅၆ |
| ၆ | အမှတ် (၆)ရပ်ကွက် | ၆၈ | ၃၁၇ | ၁၆၉ | ၁၄၈ |
| | **ကျေးရွာအုပ်စုများ** | **၁၀,၀၅၃** | **၅၄,၄၂၃** | **၂၇,၄၆၄** | **၂၆,၉၅၉** |
| ၁ | ခုဒုံ | ၃၈၃ | ၂,၁၁၂ | ၁,၀၂၂ | ၁,၀၉၀ |
| ၂ | အစွန်း | ၃၀၈ | ၁,၇၂၈ | ၈၄၄ | ၈၈၄ |
| ၃ | လန်းဖါး | ၃၅၅ | ၁,၇၆၆ | ၈၈၅ | ၈၈၁ |
| ၄ | ကော့ဆိုင် | ၂၈၀ | ၁,၅၇၂ | ၈၂၃ | ၇၄၉ |
| ၅ | သဃ်န်းပင်ဆိပ် | ၅၂၇ | ၂,၇၇၇ | ၁,၃၈၃ | ၁,၃၉၄ |
| ၆ | ပိုင်ကလာဒုံ | ၃၂၅ | ၁,၇၃၈ | ၈၆၄ | ၈၇၄ |
| ၇ | ကွင်းကလေး | ၉၁၆ | ၅,၀၁၄ | ၂,၅၂၈ | ၂,၄၈၆ |
| ၈ | မော်ခဲခီး | ၂၂၉ | ၁,၃၅၈ | ၆၇၉ | ၆၇၉ |
| ၉ | မိတန် | ၆၈၀ | ၃,၅၆၇ | ၁,၇၆၃ | ၁,၈၀၄ |
| ၁၀ | သာကထ | ၂၆၅ | ၁,၃၆၂ | ၆၉၉ | ၆၆၃ |
| ၁၁ | ထီဝါကလူး | ၂၁၇ | ၁,၁၈၅ | ၅၉၈ | ၅၈၇ |
| ၁၂ | မိနအ | ၃၇၄ | ၁,၉၂၀ | ၉၄၃ | ၉၇၇ |
| ၁၃ | ဖါကွီး | ၃၄၈ | ၁,၉၀၂ | ၉၆၂ | ၉၄၀ |
| ၁၄ | အဇင်း | ၅၅၅ | ၂,၇၇၉ | ၁,၄၀၈ | ၁,၃၇၁ |
| ၁၅ | ခွီကလုံ | ၅၅၄ | ၃,၂၉၂ | ၁,၇၂၂ | ၁,၅၇၀ |
| ၁၆ | တောင်ကလေး | ၈၃၁ | ၄,၃၆၆ | ၂,၃၀၇ | ၂,၀၅၉ |
| ၁၇ | ခွါပဟေး | ၃၈၆ | ၂,၂၇၉ | ၁,၁၀၇ | ၁,၁၇၂ |
| ၁၈ | လယ်တောကြီး | ၃၉၈ | ၂,၂၀၁ | ၁,၀၇၉ | ၁,၁၂၂ |
| ၁၉ | ကမော့သဲ (ဝင်းလုံ) | ၇၆၉ | ၄,၆၂၅ | ၂,၃၅၄ | ၂,၂၇၁ |
| ၂၀ | တောင်ဝိုင်း | ၆၉၂ | ၃,၆၇၃ | ၁,၈၆၁ | ၁,၈၁၂ |
| ၂၁ | နောင်တခို | ၆၆၁ | ၃,၂၀၇ | ၁,၆၃၃ | ၁,၅၇၄ |

## ပုံ (၂) - အသက်အုပ်စုကြီးများအလိုက်လူဦးရေ




## ဇယား (၂) - ကျိုက်ဒိုမြို့နယ်ခွဲ၏ အသက်အုပ်စုအလိုက် လူဦးရေ

| အသက်အုပ်စု | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| စုစုပေါင်း | ၅၇,၉၃၈ | ၂၉,၂၈၀ | ၂၈,၆၅၈ |
| ၀ - ၄ | ၈,၀၁၉ | ၄,၀၈၉ | ၃,၉၃၀ |
| ၅ - ၉ | ၇,၈၇၉ | ၃,၉၂၃ | ၃,၉၅၆ |
| ၁၀ - ၁၄ | ၇,၃၁၃ | ၃,၇၄၆ | ၃,၅၆၇ |
| ၁၅ - ၁၉ | ၅,၄၈၈ | ၂,၇၄၉ | ၂,၇၃၉ |
| ၂၀ - ၂၄ | ၄,၉၄၂ | ၂,၄၆၈ | ၂,၄၇၄ |
| ၂၅ - ၂၉ | ၄,၀၈၇ | ၂,၀၇၃ | ၂,၀၁၄ |
| ၃၀ - ၃၄ | ၃,၈၀၅ | ၁,၉၄၄ | ၁,၈၆၁ |
| ၃၅ - ၃၉ | ၃,၄၀၃ | ၁,၇၁၈ | ၁,၆၈၅ |
| ၄၀ - ၄၄ | ၃,၁၆၉ | ၁,၅၂၈ | ၁,၆၄၁ |
| ၄၅ - ၄၉ | ၂,၆၆၀ | ၁,၃၃၆ | ၁,၃၂၄ |
| ၅၀ - ၅၄ | ၂,၃၁၈ | ၁,၁၇၂ | ၁,၁၄၆ |
| ၅၅ - ၅၉ | ၁,၅၇၂ | ၈၀၅ | ၇၆၇ |
| ၆၀ - ၆၄ | ၁,၂၇၄ | ၆၉၃ | ၅၈၁ |
| ၆၅ - ၆၉ | ၈၁၃ | ၄၄၀ | ၃၇၃ |
| ၇၀ - ၇၄ | ၅၅၅ | ၂၈၃ | ၂၇၂ |
| ၇၅ - ၇၉ | ၃၁၆ | ၁၄၈ | ၁၆၈ |
| ၈၀ - ၈၄ | ၁၈၂ | ၉၇ | ၈၅ |
| ၈၅ - ၈၉ | ၈၉ | ၄၄ | ၄၅ |
| ၉၀ + | ၅၄ | ၂၄ | ၃၀ |

- ကျိုက်ဒိုမြို့နယ်ခွဲတွင် အသက် (၁၅) နှစ်မှ (၆၄) နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ (၅၆.၅) ရာခိုင်နှုန်းရှိပါသည်။
- အသက် (၁၄) နှစ်နှင့်အောက် ကလေးအချိုးနှင့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို အချိုးစုစုပေါင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးထက် နည်းပါသည်။
- ကလေးအချိုးနှင့် သက်ကြီးရွယ်အိုအချိုးနည်းခြင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအပေါ် မှီခိုမှုကို လျော့နည်းစေပါသည်။

## ပုံ (၃) - လူဦးရေပိရမစ် (ပြည်ထောင်စု၊ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကျိုက်ဒုံမြို့နယ်ခွဲ)




- ကျိုက်ဒုံမြို့နယ်ခွဲတွင် ကလေးမွေးဖွားနှုန်း မြင့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။
- အသက် (၁၅-၁၉) အုပ်စုမှ စတင်၍ လူဦးရေသိသာစွာ လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ အသက် (၂၀-၂၄) အုပ်စုသည် ဆက်လက်လျော့နည်းသည်ကို တွေ့ရှိရပါသည်။

- ပြည်ထောင်စုနှင့်နှိုင်းယှဉ်လျှင် ကျိုက်ဒုံမြို့နယ်ခွဲတွင် အလုပ်လုပ်နိုင်သည့် အသက် (၁၅-၆၄) အုပ်စု၏ရာခိုင်နှုန်း သိသာစွာလျော့နည်းနေကြောင်း တွေ့ရှိရပါသည်။
- အသက်အုပ်စု (၅-၉)၊ (၂၀-၂၄)၊ (၄၀-၄၄)၊ (၇၅-၇၉) နှင့် ၉၀+ မှလွဲ၍ အသက်အုပ်စုတိုင်းတွင် ကျားဦးရေသည် မ ဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။

## (ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ




- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူ (၈၇.၉) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ (၆.၂) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ (၄.၃) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ (၀.၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၀.၈) ရာခိုင်နှုန်း၊ အခြားဘာသာ ကိုးကွယ်သူ (၀.၂) ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှ မကိုးကွယ်သူ (၀.၁) ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။
- ကရင်ပြည်နယ်တွင် ဗုဒ္ဓဘာသာ (၈၄.၅) ရာခိုင်နှုန်း၊ ခရစ်ယာန် (၉.၅) ရာခိုင်နှုန်း၊ အစ္စလာမ် (၄.၆) ရာခိုင်နှုန်း၊ ဟိန္ဒူ (၀.၆) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်မှု (၀.၁) ရာခိုင်နှုန်းနှင့် အခြားဘာသာ (၀.၇) ရာခိုင်နှုန်းရှိပြီး ဘာသာမရှိသူများသည် (၀.၁) ရာခိုင်နှုန်းထက် လျော့နည်းပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ

ဇယား (၃) - အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း လူဦးရေနှင့် ကျောင်းတက်နေသူအရေအတွက်ကို ကျား/မ ခွဲခြား ဖော်ပြသောဇယား

| အသက် | လူဦးရေ | | | ကျောင်းတက်နေသူ | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၅ | ၁,၅၅၃ | ၇၉၂ | ၇၆၁ | ၂၈၄ | ၁၃၁ | ၁၅၃ |
| ၆ | ၁,၆၁၆ | ၇၈၇ | ၈၂၉ | ၅၉၆ | ၂၇၄ | ၃၂၂ |
| ၇ | ၁,၅၆၈ | ၇၈၄ | ၇၈၄ | ၇၆၅ | ၃၇၇ | ၃၈၈ |
| ၈ | ၁,၆၅၇ | ၈၁၇ | ၈၄၀ | ၉၆၅ | ၄၄၀ | ၅၂၅ |
| ၉ | ၁,၄၅၇ | ၇၂၂ | ၇၃၅ | ၉၃၀ | ၄၄၃ | ၄၈၇ |
| ၁၀ | ၁,၇၂၂ | ၈၉၅ | ၈၂၇ | ၁,၁၁၀ | ၅၄၆ | ၅၆၄ |
| ၁၁ | ၁,၂၇၃ | ၆၁၉ | ၆၅၄ | ၈၅၂ | ၃၉၂ | ၄၆၀ |
| ၁၂ | ၁,၅၀၈ | ၇၅၁ | ၇၅၇ | ၉၄၄ | ၄၄၉ | ၄၉၅ |
| ၁၃ | ၁,၄၂၁ | ၆၈၂ | ၇၃၉ | ၈၂၂ | ၃၆၂ | ၄၆၀ |
| ၁၄ | ၁,၁၃၆ | ၅၇၆ | ၅၆၀ | ၅၂၂ | ၂၅၇ | ၂၆၅ |
| ၁၅ | ၁,၁၁၂ | ၅၃၃ | ၅၇၉ | ၃၇၇ | ၁၇၅ | ၂၀၂ |
| ၁၆ | ၁,၀၀၅ | ၅၁၀ | ၄၉၅ | ၂၅၃ | ၁၂၀ | ၁၃၃ |
| ၁၇ | ၁,၀၆၅ | ၅၄၀ | ၅၂၅ | ၂၀၀ | ၉၇ | ၁၀၃ |
| ၁၈ | ၁,၂၀၉ | ၅၇၄ | ၆၃၅ | ၁၆၇ | ၇၈ | ၈၉ |
| ၁၉ | ၈၇၇ | ၄၁၈ | ၄၅၉ | ၉၇ | ၄၁ | ၅၆ |
| ၂၀ | ၁,၂၉၁ | ၆၁၈ | ၆၇၃ | ၇၁ | ၃၂ | ၃၉ |
| ၂၁ | ၈၀၇ | ၃၉၄ | ၄၁၃ | ၃၅ | ၁၅ | ၂၀ |
| ၂၂ | ၉၄၄ | ၄၇၆ | ၄၆၈ | ၂၆ | ၁၄ | ၁၂ |
| ၂၃ | ၉၃၉ | ၄၅၀ | ၄၈၉ | ၂၀ | ၁၂ | ၉ |
| ၂၄ | ၇၃၇ | ၃၃၄ | ၄၀၃ | ၁၀ | ၅ | ၅ |
| ၂၅ | ၉၁၁ | ၄၆၂ | ၄၄၉ | ၁၆ | ၁၀ | ၆ |
| ၂၆ | ၇၂၁ | ၃၇၂ | ၃၄၉ | ၅ | ၄ | ၁ |
| ၂၇ | ၇၉၃ | ၃၇၅ | ၄၁၈ | ၃ | ၁ | ၂ |
| ၂၈ | ၈၉၇ | ၄၃၆ | ၄၆၁ | ၄ | ၃ | ၁ |
| ၂၉ | ၆၂၈ | ၃၀၆ | ၃၂၂ | ၁ | ၁ | - |

**ပုံ (၅) - ပြည်ထောင်စု၊ ကရင်ပြည်နယ်နှင့် ကျိုက်ဒိုးမြို့နယ်ခွဲတို့၏ ကျောင်းတက်ရောက်မှုအခြေအနေ**




**ပုံ (၆) - ပြည်ထောင်စုနှင့် ကျိုက်ဒိုးမြို့နယ်ခွဲတို့၏ ကျား/မ အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ**




- ကျိုက်ဒိုးမြို့နယ်ခွဲ၌ ယောကျ်ားလေးများနှင့် မိန်းကလေးများသည် အသက် (၁၂) နှစ်အရွယ်မှ စတင်၍ ကျောင်းတက်ရောက်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိရပါသည်။
- ပြည်ထောင်စုနှင့် နှိုင်းယှဉ်ရာတွင် ကျိုက်ဒိုးမြို့နယ်ခွဲမှ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုနှုန်းသည် ကျောင်းစတင်တက်ရောက်သည့်အရွယ်မှစ၍ နိမ့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပုံ (၇) - ကရင်ပြည်နယ်၏ စာတတ်မြောက်မှုနှုန်း (အသက်၁၅ နှစ်နှင့်အထက်)




| | |
|---|---|
| ပြည်ထောင်စု | - ၈၉.၅% |
| ကရင်ပြည်နယ် | - ၇၄.၄% |
| ကော့ကရိတ်ခရိုင် | - ၇၁.၃% |
| ကျိုက်ဒုံမြို့နယ်ခွဲ | - ၄၉.၀% |

## ဇယား (၄) - ကျိုက်ဒုံမြို့နယ်ခွဲ၏ လူငယ်လူရွယ် (၁၅ - ၂၄) စာတတ်မြောက်မှုရာခိုင်နှုန်း

| ကျား/မ | စုစုပေါင်း လူဦးရေ (၁၅ - ၂၄) | စာတတ်မြောက်မှု ရာခိုင်နှုန်း (၁၅ - ၂၄) |
|---|---|---|
| စုစုပေါင်း | ၉,၉၈၆ | ၆၄.၂ |
| ကျား | ၄,၈၄၇ | ၆၄.၅ |
| မ | ၅,၁၃၉ | ၆၃.၈ |

- ကျိုက်ဒုံမြို့နယ်ခွဲ၏ အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၄၉.၀) ရာခိုင်နှုန်းဖြစ်ပြီး ကရင်ပြည်နယ်၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၇၄.၄) နှင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၈၉.၅) ထက်နိမ့်ပါသည်။ မ စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၄၂.၄) ဖြစ်ပြီး ကျား စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၅၅.၆) ဖြစ်ပါသည်။
- ကျိုက်ဒုံမြို့နယ်ခွဲ၏ အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၆၄.၂) ဖြစ်ပါသည်။ မ လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၆၃.၈) ဖြစ်ပြီး ကျား လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၆၄.၅) ဖြစ်ပါသည်။

## ဇယား (၅) - အသက် (၂၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား

| | စုစုပေါင်း | အတန်းမရှိ | လုံး၀ ကျောင်းမနေဘူးသူ ရာခိုင်နှုန်း | မူလတန်း | | အလယ်တန်း (၅ တန်းမှ ၈ တန်းထိ) | အထက်တန်း (၉ တန်းမှ ၁၀ တန်းထိ) | ဒီပလိုမာ | တက္ကသိုလ်/ ကောလိပ် | ဘွဲ့လွန်နှင့် အထက် | အသက်မွေး ဝမ်းကျောင်း သင်တန်း | အခြား |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သူငယ်တန်းမှ ၃ တန်းထိ | ၄ တန်း | | | | | | | |
| စုစုပေါင်း | ၂၄,၂၉၇ | ၁၄,၂၇၅ | ၅၈.၈ | ၄,၄၈၈ | ၁,၉၁၃ | ၂,၀၀၂ | ၇၅၀ | ၆ | ၁၇၆ | ၆ | ၅ | ၆၇၆ |
| မြို့ပြ | ၁,၆၉၂ | ၃၄၆ | ၂၀.၄ | ၃၂၈ | ၂၁၀ | ၃၈၆ | ၂၄၁ | ၂ | ၁၀၃ | ၂ | ၁ | ၇၃ |
| ကျေးလက် | ၂၂,၆၀၅ | ၁၃,၉၂၉ | ၆၁.၆ | ၄,၁၆၀ | ၁,၇၀၃ | ၁,၆၁၆ | ၅၀၉ | ၄ | ၇၃ | ၄ | ၄ | ၆၀၃ |
| ကျား | ၁၂,၃၀၅ | ၆,၁၆၀ | ၅၀.၁ | ၂,၆၆၃ | ၁,၀၉၂ | ၁,၂၅၆ | ၄၅၆ | ၃ | ၁၀၄ | ၄ | ၃ | ၅၆၄ |
| မ | ၁၁,၉၉၂ | ၈,၁၁၅ | ၆၇.၇ | ၁,၈၂၅ | ၈၂၁ | ၇၄၆ | ၂၉၄ | ၃ | ၇၂ | ၂ | ၂ | ၁၁၂ |

- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၅၈.၈) ရာခိုင်နှုန်းသည် လုံး၀ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် ကျေးလက်လူဦးရေ၏ (၆၁.၆) ရာခိုင်နှုန်းမှာ လုံး၀ ကျောင်းမနေဘူး သူများဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် အမျိုးသားများ၏ (၅၀.၁) ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ (၆၇.၇) ရာခိုင်နှုန်းမှာ လုံး၀ကျောင်းမနေဘူးသူများဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၇.၉) ရာခိုင်နှုန်းသည် မူလတန်းအဆင့် (၄ တန်း) ပြီးစီး အောင်မြင်သူများဖြစ်ပြီး တက္ကသိုလ်/ကောလိပ်အဆင့်ပြီးစီးသူမှာ (၀.၇) ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ

**ဇယား (၆) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းနှင့် အလုပ်လက်မဲ့ ရာခိုင်နှုန်းတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| အသက်အုပ်စု | လုပ်သားအင်အားပါဝင်နှုန်း | | | အလုပ်လက်မဲ့ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁၀ - ၁၄ | ၂၂.၂ | ၂၅.၁ | ၁၉.၂ | ၄.၄ | ၅.၁ | ၃.၅ |
| ၁၅ - ၁၉ | ၆၀.၂ | ၆၉.၂ | ၅၁.၂ | ၄.၀ | ၄.၃ | ၃.၅ |
| ၂၀ - ၂၄ | ၇၂.၈ | ၈၈.၈ | ၅၆.၈ | ၃.၁ | ၃.၅ | ၂.၅ |
| ၂၅ - ၂၉ | ၇၅.၆ | ၉၃.၉ | ၅၆.၈ | ၁.၅ | ၁.၈ | ၀.၉ |
| ၃၀ - ၃၄ | ၇၆.၀ | ၉၅.၂ | ၅၆.၀ | ၁.၀ | ၁.၁ | ၁.၀ |
| ၃၅ - ၃၉ | ၇၆.၀ | ၉၅.၆ | ၅၅.၉ | ၀.၈ | ၀.၉ | ၀.၅ |
| ၄၀ - ၄၄ | ၇၆.၉ | ၉၆.၂ | ၅၈.၉ | ၀.၇ | ၀.၇ | ၀.၆ |
| ၄၅ - ၄၉ | ၇၈.၈ | ၉၆.၃ | ၆၁.၁ | ၀.၃ | ၀.၅ | ၀.၁ |
| ၅၀ - ၅၄ | ၇၇.၁ | ၉၅.၁ | ၅၈.၈ | ၀.၄ | ၀.၇ | - |
| ၅၅ - ၅၉ | ၇၄.၀ | ၉၄.၄ | ၅၂.၇ | ၀.၂ | - | ၀.၅ |
| ၆၀ - ၆၄ | ၆၅.၉ | ၈၂.၃ | ၄၆.၅ | ၀.၂ | ၀.၂ | ၀.၄ |
| ၆၅ - ၆၉ | ၅၂.၉ | ၆၇.၀ | ၃၆.၂ | ၀.၂ | ၀.၃ | - |
| ၇၀ - ၇၄ | ၃၃.၀ | ၄၅.၆ | ၁၉.၉ | ၁.၁ | ၁.၆ | - |
| ၇၅+ | ၁၈.၆ | ၂၄.၃ | ၁၃.၁ | - | - | - |
| ၁၅ နှစ်မှ ၂၄ နှစ် | ၆၆.၂ | ၇၈.၅ | ၅၃.၈ | ၃.၅ | ၃.၉ | ၃.၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | ၇၂.၇ | ၈၉.၄ | ၅၅.၈ | ၁.၆ | ၁.၇ | ၁.၃ |







- ကျိုက်ဒိုမြို့နယ်ခွဲ၏ အသက် (၁၅-၆၄) နှစ်အုပ်စုတွင် လုပ်သားအင်အားပါဝင်နှုန်းမှာ (၇၂.၇) ရာခိုင်နှုန်း ရှိပါသည်။
- အမျိုးသမီး လုပ်သားအင်အားပါဝင်နှုန်းသည် (၅၅.၈) ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သားအင်အားပါဝင်နှုန်း (၈၉.၄) ရာခိုင်နှုန်းထက် သိသာစွာလျော့နည်းသည်ကို တွေ့ရှိရပါသည်။
- ကျိုက်ဒိုမြို့နယ်ခွဲ၏ အသက် (၁၀-၁၄) နှစ်အုပ်စုတွင် အလုပ်လုပ်သောကလေး (၂၂.၂) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- အသက် (၁၅-၆၄) နှစ်အုပ်စု၏ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ (၁.၆) ဖြစ်ပါသည်။ အလုပ်လက်မဲ့ ရာခိုင်နှုန်းသည် ကျား (၁.၇) ရာခိုင်နှုန်းနှင့် မ (၁.၃) ရာခိုင်နှုန်း အသီးသီးရှိကြပြီး ကျား မ ကွာခြားမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း အမျိုးသမီးငယ်များ၏ အလုပ်လက်မဲ့နှုန်းမှာ (၃.၀) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇) - အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သောလူဦးရေကို အမျိုးအစား အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| ကျား/မ | လုပ်သားအင်အားစုတွင် မပါဝင်သူ | | | | | | |
|---|---|---|---|---|---|---|---|
| | စုစုပေါင်း | အလုပ်မရှာခဲ့ပါ | အချိန်ပြည့် ကျောင်းတက်သော ကျောင်းသား | အိမ်မှုကိစ္စလုပ် | အငြိမ်းစား၊ သက်ကြီးရွယ်အို | ဖျားနာသူ၊ မသန်စွမ်းသူ | အခြား |
| စုစုပေါင်း | ၁၅,၈၈၉ | ၀.၈ | ၃၅.၃ | ၄၂.၂ | ၇.၀ | ၁.၇ | ၁၃.၁ |
| ကျား | ၅,၀၉၁ | ၁.၅ | ၅၂.၈ | ၇.၁ | ၉.၃ | ၂.၄ | ၂၆.၉ |
| မ | ၁၀,၇၉၈ | ၀.၄ | ၂၇.၀ | ၅၈.၇ | ၆.၀ | ၁.၃ | ၆.၅ |

- အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သူများ၌ အမျိုးသားများ၏ (၅၂.၈) ရာခိုင်နှုန်းသည် အချိန်ပြည့်ကျောင်းတက်နေသူများဖြစ်ကြပြီး အမျိုးသမီးများ၏ (၅၈.၇) ရာခိုင်နှုန်းသည် အိမ်မှုကိစ္စလုပ်ကိုင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ဇယား (၈) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို အလုပ်အကိုင်အမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| အလုပ်အကိုင်အမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၂၂,၇၅၈** | **၁၃,၉၀၄** | **၈,၈၅၄** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| မန်နေဂျာများ | ၁၉ | ၁၄ | ၅ | ၀.၁ | ၀.၁ | ၀.၁ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၁၂၃ | ၄၃ | ၈၀ | ၀.၅ | ၀.၃ | ၀.၉ |
| နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်များ | ၁၀၂ | ၇၃ | ၂၉ | ၀.၄ | ၀.၅ | ၀.၃ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၅၈ | ၄၂ | ၁၆ | ၀.၃ | ၀.၃ | ၀.၂ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၇၀၇ | ၂၂၉ | ၄၇၈ | ၃.၁ | ၁.၆ | ၅.၄ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၁၈,၃၀၅ | ၁၁,၈၀၂ | ၆,၅၀၃ | ၈၀.၄ | ၈၄.၉ | ၇၃.၄ |
| လက်မှုပညာနှင့်ဆက်စပ် လုပ်ငန်း အလုပ်သမားများ | ၄၄၄ | ၃၈၈ | ၅၆ | ၂.၀ | ၂.၈ | ၀.၆ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများနှင့် စုစည်းတပ်ဆင်သူများ | ၁၄၀ | ၁၃၄ | ၆ | ၀.၆ | ၁.၀ | ၀.၁ |
| အခြေခံအလုပ်သမားများ | ၆၀၈ | ၄၀၅ | ၂၀၃ | ၂.၇ | ၂.၉ | ၂.၃ |
| အခြား | - | - | - | - | - | - |
| မသိ/မဖြေ | ၂,၂၅၂ | ၇၇၄ | ၁,၄၇၈ | ၉.၉ | ၅.၆ | ၁၆.၇ |

**ပုံ (၁၀) - ပြည်ထောင်စု၊ ကရင်ပြည်နယ်နှင့် ကျိုက်ဒိုမြို့နယ်ခွဲတို့၏ အသက် (၁၅ - ၆၄) နှစ် အတွင်းရှိ ကျား/မ အလိုက် အလုပ်အကိုင်အမျိုးအစား**




- ကျိုက်ဒိုမြို့နယ်ခွဲတွင် အသက် (၁၅-၆၄) အုပ်စုရှိ အလုပ်ရှိသူ (၈၀.၄) ရာခိုင်နှုန်းမှာ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများ ဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၈၄.၉) ရာခိုင်နှုန်းနှင့် မ ဦးရေ (၇၃.၄) ရာခိုင်နှုန်း တို့သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများ ဖြစ်သည်ကို တွေ့ရှိရပါသည်။
- ကရင်ပြည်နယ်တွင် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများမှာ (၅၀.၇) ရာခိုင်နှုန်း ဖြစ်ပါသည်။

## ဇယား (၉) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို လုပ်ကိုင်သောလုပ်ငန်းအမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| လုပ်ငန်းအမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၂၂,၇၅၈** | **၁၃,၉၀၄** | **၈,၈၅၄** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၁၈,၆၈၂ | ၁၂,၀၇၆ | ၆,၆၀၆ | ၈၂.၁ | ၈၆.၉ | ၇၄.၆ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၃၁ | ၂၈ | ၃ | ၀.၁ | ၀.၂ | * |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၄၈ | ၉၈ | ၅၀ | ၀.၇ | ၀.၇ | ၀.၆ |
| လျှပ်စစ်၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | - | - | - | - | - | - |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး စီမံခန့်ခွဲမှုလုပ်ငန်း | - | - | - | - | - | - |
| ဆောက်လုပ်ရေးလုပ်ငန်း | ၃၄၅ | ၂၉၃ | ၅၂ | ၁.၅ | ၂.၁ | ၀.၆ |
| လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) | ၇၂၁ | ၂၄၇ | ၄၇၄ | ၃.၂ | ၁.၈ | ၅.၄ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများ | ၁၃၄ | ၁၃၄ | - | ၀.၆ | ၁.၀ | - |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ | ၂၁ | ၇ | ၁၄ | ၀.၁ | ၀.၁ | ၀.၂ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ | ၇ | ၄ | ၃ | * | * | * |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | - | - | - | - | - | - |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | - | - | - | - | - | - |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | - | - | - | - | - | - |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာလုပ်ငန်းများ | - | - | - | - | - | - |
| ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) | ၁၁၃ | ၉၅ | ၁၈ | ၀.၅ | ၀.၇ | ၀.၂ |
| ပညာရေးဆိုင်ရာလုပ်ငန်းများ | ၁၂၆ | ၄၃ | ၈၃ | ၀.၆ | ၀.၃ | ၀.၉ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၃၄ | ၁၆ | ၁၈ | ၀.၁ | ၀.၁ | ၀.၂ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလုပ်ငန်းများ | ၂ | ၂ | - | * | * | - |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၂၉ | ၂၁ | ၈ | ၀.၁ | ၀.၂ | ၀.၁ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၁၄ | ၆ | ၈ | ၀.၁ | * | ၀.၁ |
| သံတမန်အခွင့်အရေးရအဖွဲ့အစည်းများ၏လုပ်ငန်းများ | - | - | - | - | - | - |
| အလုပ်အကိုင်အမျိုးအစားဖော်ပြထားခြင်းမရှိသောလုပ်ငန်းများ | ၂,၃၅၁ | ၈၃၄ | ၁,၅၁၇ | ၁၀.၃ | ၆.၀ | ၁၇.၁ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

**ပုံ (၁၁) - ပြည်ထောင်စု၊ ကရင်ပြည်နယ်နှင့် ကျိုက်ဒုံမြို့နယ်ခွဲတို့၏ အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် လုပ်ကိုင်သော လုပ်ငန်းအမျိုးအစား**




- ကျိုက်ဒုံမြို့နယ်ခွဲ၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် အများဆုံးလုပ်ကိုင်ကြပြီး (၈၂.၁) ရာခိုင်နှုန်းရှိပါသည်။
- လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူ အမျိုးသား (၈၆.၉) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၇၄.၆) ရာခိုင်နှုန်းရှိပါသည်။
- ကရင်ပြည်နယ်၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၅၅.၈) ရာခိုင်နှုန်းရှိပါသည်။

## (င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ

### ဇယား (၁၀) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား

| | နိုင်ငံသား စိစစ်ရေးကတ် | ဧည့်နိုင်ငံသား ကတ် | နိုင်ငံသား ပြုခွင့် ရသူကတ် | အမျိုးသား မှတ်ပုံတင် ကတ် | သာသနာ၀င် ကတ် | ယာယီ သက်သေ ခံကတ် | နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသား နိုင်ငံကူး လက်မှတ် | မည်သည့် ကတ်မှမကိုင် ဆောင်သူ |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၁၄,၃၁၄ | * | ၃၁ | ၃၁၃ | ၇၈ | ၂၀၆ | * | * | ၂၇,၀၆၅ |
| မြို့ပြ | ၂,၂၈၃ | - | ၄ | ၂၈ | ၅ | ၆ | - | - | ၄၇၉ |
| ကျေးလက် | ၁၂,၀၃၁ | * | ၂၇ | ၂၈၅ | ၇၃ | ၂၀၀ | * | * | ၂၆,၅၈၆ |
| ကျား | ၇,၆၈၀ | * | ၂၆ | ၁၆၄ | ၇၁ | ၇၈ | * | * | ၁၃,၂၂၉ |
| မ | ၆,၆၃၄ | * | ၅ | ၁၄၉ | ၇ | ၁၂၈ | * | * | ၁၃,၈၃၆ |

မှတ်ချက်။ * စုစုပေါင်းကတ်အရေအတွက် (၂၀) ထက်နည်းပါသည်။

ပုံ (၁၂)- ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ




- ကျိုက်ဒိုမြို့နယ်ခွဲတွင် အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ (၃၄.၀) ရာခိုင်နှုန်းသည် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူများဖြစ်ပြီး (၆၄.၄) ရာခိုင်နှုန်းသည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများ ဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၆၂.၂) ရာခိုင်နှုန်းနှင့် မ ဦးရေ (၆၆.၆) ရာခိုင်နှုန်းတို့သည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (စ) မသန်စွမ်းမှုအကြောင်းအရာ

### ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူဦးရေ | မသန်စွမ်းသူဦးရေ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | မသန်စွမ်းမှုရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း |
| **စုစုပေါင်း** | **၅၇,၉၃၈** | **၅၄,၂၃၁** | **၃,၇၀၇** | **၆.၄** | **၂,၂၁၃** | **၁,၂၆၃** | **၁,၆၅၀** | **၁,၅၁၀** |
| ၀ - ၄ | ၈,၀၁၉ | ၇,၅၄၃ | ၄၇၆ | ၅.၉ | ၁၁၈ | ၁၁၈ | ၄၁၁ | ၄၀၆ |
| ၅ - ၉ | ၇,၈၇၉ | ၇,၇၆၉ | ၁၁၀ | ၁.၄ | ၂၁ | ၃၈ | ၄၇ | ၄၂ |
| ၁၀ - ၁၄ | ၇,၃၁၃ | ၇,၁၉၂ | ၁၂၁ | ၁.၇ | ၂၄ | ၅၀ | ၅၁ | ၄၁ |
| ၁၅ - ၁၉ | ၅,၄၈၈ | ၅,၃၈၃ | ၁၀၅ | ၁.၉ | ၂၇ | ၃၂ | ၄၆ | ၄၄ |
| ၂၀ - ၂၄ | ၄,၉၄၂ | ၄,၈၅၄ | ၈၈ | ၁.၈ | ၂၃ | ၂၈ | ၂၈ | ၃၅ |
| ၂၅ - ၂၉ | ၄,၀၈၇ | ၄,၀၀၀ | ၈၇ | ၂.၁ | ၂၂ | ၃၀ | ၃၄ | ၂၅ |
| ၃၀ - ၃၄ | ၃,၈၀၅ | ၃,၆၉၂ | ၁၁၃ | ၃.၀ | ၄၂ | ၄၀ | ၃၃ | ၂၇ |
| ၃၅ - ၃၉ | ၃,၄၀၃ | ၃,၂၇၉ | ၁၂၄ | ၃.၆ | ၃၉ | ၄၅ | ၃၂ | ၃၃ |
| ၄၀ - ၄၄ | ၃,၁၆၉ | ၂,၉၇၄ | ၁၉၅ | ၆.၂ | ၁၂၁ | ၄၁ | ၄၅ | ၃၇ |
| ၄၅ - ၄၉ | ၂,၆၆၀ | ၂,၃၆၃ | ၂၉၇ | ၁၁.၂ | ၂၁၃ | ၅၅ | ၅၉ | ၅၇ |
| ၅၀ - ၅၄ | ၂,၃၁၈ | ၁,၉၆၂ | ၃၅၆ | ၁၅.၄ | ၂၇၀ | ၈၁ | ၉၆ | ၆၃ |
| ၅၅ - ၅၉ | ၁,၅၇၂ | ၁,၂၆၈ | ၃၀၄ | ၁၉.၃ | ၂၂၈ | ၉၂ | ၈၀ | ၈၁ |
| ၆၀ - ၆၄ | ၁,၂၇၄ | ၉၁၀ | ၃၆၄ | ၂၈.၆ | ၂၈၅ | ၁၁၂ | ၁၃၉ | ၁၁၈ |
| ၆၅ - ၆၉ | ၈၁၃ | ၄၉၂ | ၃၂၁ | ၃၉.၅ | ၂၅၀ | ၁၃၁ | ၁၃၅ | ၁၃၆ |
| ၇၀ - ၇၄ | ၅၅၅ | ၂၈၄ | ၂၇၁ | ၄၈.၈ | ၂၂၂ | ၁၂၉ | ၁၅၁ | ၁၂၃ |
| ၇၅ - ၇၉ | ၃၁၆ | ၁၅၇ | ၁၅၉ | ၅၀.၃ | ၁၃၂ | ၉၄ | ၉၄ | ၉၃ |
| ၈၀ - ၈၄ | ၁၈၂ | ၆၈ | ၁၁၄ | ၆၂.၆ | ၉၁ | ၇၇ | ၈၆ | ၇၂ |
| ၈၅ - ၈၉ | ၈၉ | ၂၈ | ၆၁ | ၆၈.၅ | ၅၃ | ၄၃ | ၄၅ | ၄၇ |
| ၉၀ + | ၅၄ | ၁၃ | ၄၁ | ၇၅.၉ | ၃၂ | ၂၇ | ၃၈ | ၃၀ |

